## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၆၆ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )

### မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် **“မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ”**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး(ယဉ်ကျေးမှု)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | လူမှုရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်<br>ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒေါက်တာတိုးလှ<br>ဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာသမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဒေါက်တာမြင့်ကြည်<br>အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဓ) | ဒုတိယအမြဲတမ်းအတွင်းဝန်(ယဉ်ကျေးမှု)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားရေးမူဝါဒ တစ်ရပ်ရေးဆွဲချမှတ်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံရှိ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စာရင်းပြုစုရေးကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားအဆင့်တင်သွင်းခြင်း ဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဆင့်မှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့တင်သွင်းနိုင်ရေး Nomination Dossier ရေးသားဆောင်ရွက်ရေးကြီးကြပ်ရန်နှင့် Periodic Reporting ကို သတ်မှတ်ချိန်တွင်တင်သွင်းရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများကို ပြည်သူများအား အသိပညာပေးခြင်း၊ ပြပွဲ၊ မြှင့်တင်ပွဲများ ကျင်းပပြုလုပ်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအား နိုင်ငံတကာနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဆ) မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး မြှင့်တင်ခြင်းလုပ်ငန်းများရေရှည်တည်တံ့ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေများ ထည့်သွင်းတောင်းခံဆောင်ရွက်သွားရန်၊

(ဇ) မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲပြုစုဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ခြင်းလုပ်ငန်းများ ရေရှည်တည်တံ့ ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲထားရှိရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ည) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကာလတို/ ကာလရှည်လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းကော်မတီကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၇-၆-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၆/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး